မြန်မာ့အမျိုးသမီးသမဂ္ဂ

နိုဝင်ဘာလ ၂၀၂၆ ခုနှစ်

၂၀၂၆ ခုနှစ် အောက်တိုဘာလအတွင်း အကြမ်းဖက် စစ်အုပ်စုသည် လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှု အဆုံးပြုပြီး အမျိုးသမီး "၄၉" ဦး အား သတ်ဖြတ်ခဲ့သည်။


အကြမ်းဖက် စစ်အုပ်စုသည် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်များအပေါ် ကျူးလွန်သော ရာဇဝတ်မှုများ အပါဝင် အမျိုးမျိုးသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို နည်းမျိုးစုံဖြင့် ဆက်လက် ကျူးလွန်နေသည်။ အမျိုးသမီးများ၏ နေ့စဉ်ဘဝတွင် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအပါအဝင် အမျိုးမျိုးသော လူ့အခွင့်အရေး ချိုးဖောက်မှု ပုံစံများကြောင့် အသက်ဆုံးရှုံးနေရသည်။ ၂၀၂၆ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ (၃၁) ရက်နေ့ အတွင်း အမျိုးသမီး (၄၉) ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ယခု အချက်အလက်များသည် တိကျခိုင်လုံသော သတင်းမီဒီယာများ၏ သတင်း အချက်အလက်များကို စောင့်ကြည့်မှုများအပြင် မြေပြင်မှ အချက်အလက် ကောက်ယူထားမှုများကို ပြန်လည် စုစည်း တင်ပြထားခြင်း ဖြစ်သည်။ သို့သော် လက်တွေ့မြေပြင် အခြေအနေတွင် မိမိတို့ အနေဖြင့် ဒေတာနှင့် သတင်းအချက်အလက်များကို လက်လှမ်းမီနိုင်ရန် အခက်အခဲများစွာ ရှိသဖြင့် ကိန်းဂဏန်းများသည် မြေပြင်၌ ယခုထက်ပို၍ များနိုင်ပါသည်။

သေဆုံးသူ ၄၉

ထိခိုက်ဒဏ်ရာရသူ ၄၅

အမျိုးသမီး သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရသူ အရေအတွက်

အမျိုးသမီးသေဆုံးသူ အရေအတွက်




မြန်မာ့အမျိုးသမီးသမဂ္ဂ အနေဖြင့် သတင်းမီဒီယာများမှ အချက်အလက် စောင့်ကြည့် လေ့လာ မှတ်တမ်းတင်ထားမှုများအရ ၂၀၂၆ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ (၃၁) ရက် အတွင်း နိုင်ငံတဝှမ်း အမျိုးသမီး (၄၉) ဦး အသက်ဆုံးရှုံးခဲ့သည်။ ထိုသို့ အသက်ဆုံးရှုံးခဲ့ရသည့် အကြောင်းအရင်းများမှာ အကြမ်းဖက် စစ်အုပ်စု၏ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် (၄၇)ဦး၊ လက်နက်ကြီး ပစ်ခတ်ခံရမှုကြောင့် (၁) ဦးနှင့် မတရားသတ်ဖြတ်ခံရမှုကြောင့် (၁) ဦး တို့ဖြစ်ကြသည်။



သေဆုံးသူ အသက် (၁၈) နှစ်အောက် အမျိုးသမီးငယ် အရေအတွက်


အမျိုးသမီး ထိခိုက်ဒဏ်ရာရသူ အရေအတွက်



အမျိုးသမီး (၄၅) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ထိုသို့ ထိခိုက်ဒဏ်ရာရရှိသည့် အကြောင်းအရင်းများမှာ အကြမ်းဖက် စစ်အုပ်စု၏ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် (၃၉) ဦးနှင့် လက်နက်ကြီး ပစ်ခတ်ခံရမှုကြောင့် (၆) ဦး တို့ဖြစ်ကြသည်။

တိုင်းနှင့် ပြည်နယ်အလိုက် အမျိုးသမီးသေဆုံးမှုပြုပုံ

ပြည်နယ်၊ တိုင်း	သေဆုံးသူ အမျိုးသမီး အရေအတွက်
ရခိုင်ပြည်နယ်	၁၅
စစ်ကိုင်းတိုင်း	၁၃
မကွေးတိုင်း	၁၀
မန္တလေးတိုင်း	၅
ချင်းပြည်နယ်	၂
ပဲခူးတိုင်း	၁
တနင်္သာရီတိုင်း	၁
ရှမ်းပြည်နယ်	၁
မွန်ပြည်နယ်	၁



မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အချက်အလက် ကောက်ယူ မှတ်တမ်းတင်မှုများအရ ၂၀၂၆ ခုနှစ် အောက်တိုဘာလ (၁)ရက်နေ့မှ (၃၁) ရက်နေ့အထိ အသက်ဆုံးရှုံးခဲ့ရသည့် အမျိုးသမီးများဦးရေသည် ရခိုင်ပြည်နယ် မှ (၁၅) ဦး၊ စစ်ကိုင်းတိုင်းမှ (၁၃) ဦး၊ မကွေးတိုင်းမှ (၁၀) ဦး တို့ ဖြစ်ကြပြီး ရခိုင်ပြည်နယ် သည် ၂၀၂၆ ခုနှစ် အောက်တိုဘာလတွင် အမျိုးသမီး သေဆုံးမှု အများဆုံး ဖြစ်သည်။